# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ခွင့် ၇ ရက်၊

(၂) မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့် ခွင့် ၂ ရက်၊

(၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးငွေးဝင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၉ ရက်၊

(၆) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၂ ရက်၊

(၇) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၂ ရက်၊

(၈) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၉) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၁၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၁) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၁၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၁၃) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၁၄) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၂ ရက်၊

(၁၅) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၂ ရက်၊

(၁၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၇) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၁၈) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁၀ ရက်၊

(၁၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၂၀) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ခွင့် ၂ ရက်နှင့်

(၂၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၇ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။

**မူကြမ်း**

ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်၊ ကော်မတီအမည်နှင့် တာဝန်ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ၅-၉-၂၀၁၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီရဲ့အမည်ကို အမျိုးသားစီမံကိန်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီဟု ပြင်ဆင်သတ်မှတ်ကြောင်းနှင့် မူလကော်မတီရဲ့တာဝန်များ ခေါင်းစဉ်အောက်ရှိ အပိုဒ် ၄ အပိုဒ်ခွဲ(က)ပါ တာဝန်အစား စီမံကိန်းများ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ စနစ်တကျရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်သတ်မှတ်လိုက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပေါက်မြို့အဝင် ကျားသိုက်ရိုးတံတားဟောင်းနှင့် အပြိုင်တံတားသစ်တည်ဆောက်၍ စိုက်ပျိုးရေး ဦးစီးဌာနပိုင် ရုံးဝင်းမြေအစိတ်အပိုင်းအချို့ကို လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်း၊ တံတားနှင့် ပတ်သက်တဲ့မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးရှိ ပေါက်မြို့မှာ ပခုက္ကူ-ပေါက်-ကျောက်ထု- မင်းတပ်သွားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသောမြို့ဖြစ်ပါတယ်။ မကြာသေးမီလပိုင်း က အမှတ်(၂)ပေါက်တံတား (ရေပြာ)ကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီး မကြာမီနောက်လများမှာ လည်း တည်ဆောက်ဆဲဖြစ်တဲ့ အမှတ်(၁)ပေါက်တံတား (အုန်းတော)ကို ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ထိုသို့တံတားကြီးများ တည်ဆောက်ပေးခြင်း၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာမကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကို ဒေသခံပြည်သူများ အပါအဝင် လမ်းကိုအသုံးပြုနေကြတဲ့ ခရီးသွားပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါ တယ်။ ဖော်ပြခဲ့သည့်လမ်းတံတားများ ကောင်းမွန်လေလေ ခရီးသွားပို၍များလေလေဖြစ်ပြီး စည်ကား လာမည်ဖြစ်ပါတယ်။ ပေါက်မြို့မှာ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီသွား ပြည်ထောင်စု လမ်းမကြီးဖြစ်ပြီး ချင်းပြည်နယ်(တောင်ပိုင်း)သွား လမ်းမကြီးပေါ်တွင် တည်ရှိခြင်း၊ ပခုက္ကူ-ပေါက်- ထီးလင်း-ဂန့်ဂေါ-ဆောမြို့များကို သွားလာသည့်လမ်းနှင့် ချောက်-ဆိပ်ဖြူ-ပေါက်မှတစ်ဆင့် ချင်းပြည် နယ်(တောင်ပိုင်း)သို့လည်းကောင်း၊ ထီးလင်း၊ ဂန့်ဂေါမြို့များသို့လည်းကောင်း သွားလာသည့်လမ်းပေါ် မှာရှိပါတယ်။ ဖော်ပြပါ သွားလာမှုများပြားလာသည်နှင့်အမျှ ထိုလမ်းမကြီးပေါ်တွင်ရှိတဲ့ ပေါက်မြို့ အဝင် ကျားသိုက်ရိုးတံတားအဟောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနပိုင် ဝိုင်းမြေအကွေ့တို့မှာ နှစ်ဆစ်ချိုး မျက်ကွယ်အကွေ့များဖြစ်နေခြင်းကြောင့် ခရီးသွားပြည်သူများအတွက် လွန်စွာအန္တရာယ်များ ကျရောက်ခဲ့ရပါတယ်။ ထို့ကြောင့် ပေါက်မြို့နယ် သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအမှူးများနှင့် ညှိနှိုင်း

ကာ ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်တင်ပြခဲ့ပြီးနောက် ယခုအခါ စိုက်ပျိုးရေးဌာနပိုင် ဝိုင်းမြေ၊ လမ်းမြေအဖြစ် ၀.၂၄ ကိုလည်း ဝမ်းမြောက်ဖွယ် စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းအကွေ့ကိုဖြောင့်ပြီး ကျားသိုက်ရိုးတံတားအဟောင်းနှင့်အပြိုင် တံတားအသစ်တစ်စင်းဆောက်လုပ်ပေးမည်ဆိုပါက လမ်းဖြောင့်သွားကာ ခရီးသွားပြည်သူများ အန္တရာယ် ကင်းရှင်းသွားစေမည့်အပြင် မြို့သာယာလှပရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအတွက် ဘေးအန္တရာယ်ဆိုးများ မကျရောက်စေရန်၊ အမြန်ဆောင်ရွက်ပေးရန် လိုအပ်နေသည့် ပေါက်မြို့အဝင် ကျားသိုက်ရိုးတံတားအဟောင်းနှင့်အပြိုင် တံတားအသစ်တစ်စင်းတည်ဆောက်၍ စွန့်လွှတ်ပေးခဲ့သည့် စိုက်ပျိုးရေးဌာနပိုင် ဝိုင်းမြေအစိတ်အပိုင်းအချို့ကို ရယူကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လမ်းဖောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိလို၍ ဖြေကြားပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ညို မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီးရှိ ပေါက်မြို့နယ်အတွင် ကျားသိုက်ရိုးတံတားဟောင်းနှင့်အပြိုင် တံတားသစ်တည်ဆောက်၍ စိုက်ပျိုးရေးဦးစီးဌာနပိုင် ရုံးဝင်းမြေအစိတ်အပိုင်းအချို့ကို ရယူကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လမ်းဖောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပခုက္ကူ-ပေါက်-ကျောက်ထု -ကံကြီး-မင်းတပ်လမ်းပေါ်ရှိ ကျားသိုက်ရိုးတံတားအဟောင်းနဲ့အပြိုင် တည်ဆောက်မယ့် ဆိပ်ဖြူ-ကန်တော်-ပေါက်လမ်း မိုင်တိုင်အမှတ် (၅၂/၂) မှ (၅၂/၃) အကြား ကျားသိုက်ရိုးတံတားအသစ်

တည်ဆောက်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၅၀ နဲ့အကျယ် ၂၈ ပေ၊ အရှည်ပေ ၄၀ ရှိတဲ့ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်း ၁ ဖာလုံကို ၁၈ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားတင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ချဉ်းကပ်လမ်း ၁ ဖာလုံဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေ ဝ.၂၄ ဧက ပါဝင်တဲ့အတွက်မြေနေရာစွန့်လွှတ်ခွင့်ရရှိရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာမှာ ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးဌာနမှူးရုံးက စွန့်လွှတ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**သက်ပြည့်အငြိမ်းစားယူရသည့် အချိန်ထက်ကျော်လွန် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့သော ကာလ၏ လစာငွေ ပြန်လည်ပေးသွင်းခိုင်းခြင်းကို ကင်းလွတ်ခွင့်ပေးရန်နှင့် ယင်းဝန်ထမ်းများအတွက် မည်သို့သော သက်သာခွင့်များပေးရန် ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများဟာ အသက် ၆၀ ပြည့်ရင် အငြိမ်းစားယူကြရပါတယ်။ ယခုလောလောဆယ်ကာလမှာ ပညာရေးဝန်ထမ်းများကို ၎င်းတို့ရဲ့အမှုထမ်းစာအုပ်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးပြီး တိုက်ဆိုင်စစ်ဆေးချက်အရ အသက် ၆၀ ပြည့်ပြီးသော်လည်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းအချို့ကို တွေ့ရှိရသဖြင့် အဆိုပါကျော်လွန်ခဲ့သည့်ကာလများအတွက် ထုတ်ယူခဲ့တဲ့လစာငွေများကို ပြန်လည်ပေးလျော်ခိုင်းနေကြောင်း ကြားသိရပါတယ်။ အလုပ်မလုပ်ဘဲ လစာထုတ်ယူနေခြင်းမဟုတ်ဘဲ တာဝန်ထမ်းဆောင်နေပြီး လစာရယူခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခုကဲ့သို့ ပြန်လည်လစာငွေများ သွင်းခိုင်းနေသဖြင့် အဆိုပါဝန်ထမ်းများသည် များစွာဒုက္ခရောက်နေပြီး အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရှိရပါတယ်။ အဆိုပါငွေများကို မသွင်းပါကလည်း ပင်စင်ထုတ်ယူရေးပြဿနာများဖြစ်မှာ စိုးရိမ်နေရကြောင်း တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့

တမူးမြို့မှာ မကြာမီက တမူး၊ ကဘော် အထက်ပိုင်းဒေသ မြို့သစ်(အ.ထ.က) ကိုပြောင်းရွှေ့လာခဲ့တဲ့ ကျောင်းအုပ်ကြီးရဲ့ အမှုထမ်းစာအုပ်ကို တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါမှာ နှစ်နှစ်ကျော်လွန်နေကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီး စစ်ဆေးခိုင်းတဲ့အခါမှာ အမှုထမ်းစာအုပ်နဲ့ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ရဲ့ မွေးသက္ကရာဇ်နဲ့ မကိုက်ညီဘူးလို့ နှစ်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတဲ့အတွက် အဆိုပါကျောင်းအုပ်ကြီးအား သိန်း ၂၀ ကျော် ပြန်လည်သွင်းခိုင်းကြောင်း သိရှိရပါတယ်။ အဆိုပါကျောင်းအုပ်ကြီးဟာ မိသားစုကလည်းများ၊ ယခုမှလည်း တမူးဒေသကို ပြောင်းရွှေ့လာတာဖြစ်တဲ့အတွက် သူရဲ့နေရေး အခက်အခဲတော်တော်လေး အဆင်မပြေဖြစ်ပြီးတော့မှ အဲ့ဒီငွေကိုလည်း အလျင်အမြန်သွင်းခိုင်းနေတဲ့အတွက် ပြင်ပမှ တချို့ပုဂ္ဂိုလ်များက ညှိနှိုင်းပေါင်းစပ်ပြီးတော့မှ အဲ့ဒီငွေကို သွင်းခိုင်းထားကြောင်း သိရှိရပါတယ်။ အလားတူ ဝန်ထမ်းများလည်းပဲ အခြားဒေသများမှာ ရှိနေကြောင်းလည်း တွေ့ရှိရပါတယ်။ အလားတူ မကြာမီကမှ ကျွန်တော်တို့ တမူး(အ.ထ.က)ကို ပြောင်းရွှေ့လာခဲ့တဲ့ ကျောင်းအုပ်ဆရာမကြီးကလည်းပဲ ဒီလိုစစ်ဆေးကြည့်တဲ့အခါမှာ သူကတော့ တကယ်လုပ်တဲ့ Service Book ထဲကအတိုင်းဆိုရင် နှစ်နှစ်လောက်နေမှ ပြည့်မှာဖြစ်သော်လည်းပဲ တကယ်စစ်ဆေးကြည့်လိုက်တဲ့အခါမှာ လပိုင်းအနည်းငယ်သာ လိုတော့တာဖြစ်တဲ့အတွက် သူကတော့ အချိန်မီစစ်ဆေးနိုင်လိုက်တဲ့အတွက် မကြာမီကပဲ ပင်စင်ယူသွားပြီးတော့မှ လုံးဝမသွင်းရဘဲနဲ့ ပင်စင်ယူသွားတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝန်ထမ်းများအတွက် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ (၁) အမှုထမ်း စာအုပ်ပြန်လည်စစ်ဆေးခြင်းကြောင့် သက်ပြည့်အငြိမ်းစားယူရမည့်အချိန်ထက် ကျော်လွန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများအား တာဝန်ထမ်းဆောင်ခြင်းကြောင့်ရရှိသည့် လစာများကို ပြန်လည်ပေးသွင်းခိုင်းသည်ဆိုသည်မှာ မှန်ကန်ပါသလား။ (၂) စစ်ဆေးတွေ့ရှိချိန်မှစ၍ အငြိမ်းစားယူခိုင်းပြီး ကျော်လွန်စွာထမ်းဆောင်ခဲ့သည့်ကာလ၏ လစာငွေကို ပြန်လည်ပေးသွင်းခိုင်းခြင်းကို ကင်းလွတ်ခွင့်ပေးနိုင်ခြင်းရှိ/မရှိ။ (၃) အဆိုပါဝန်ထမ်းများအတွက် မည်သို့သော သက်သာခွင့်များပေးရန် စီမံဆောင်ရွက်နေပါသနည်း သိရှိလိုသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဘဏ္ဍာရေး ဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ပညာ ရေးဝန်ကြီးဌာနရဲ့ ရှင်းလင်းဖြေကြားချက်နှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားပေး သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ အမှုထမ်းသက်စာအုပ် ပြန်လည်စစ်ဆေးခြင်းကြောင့် သက်ပြည့်အငြိမ်းစားယူရမည့်အချိန်ထက် ကျော်လွန်ထမ်းဆောင်ခဲ့ သောဝန်ထမ်းများအား တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိသည့်လစာများကို ပြန်လည်ပေးသွင်းခိုင်း သည်ဆိုသည်မှာ မှန်ကန်ကြောင်း ပညာရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားထားပါတယ်။ နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများပါ နည်းဥပဒေ ၂၃၀ မှာ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမယ့်နေ့ရက်ဟာ ယင်းဝန်ထမ်းအသက် ၆၀ ပြည့်တဲ့နေ့ရက်ဖြစ်ကြောင်းနဲ့ နည်းဥပဒေ ၂၃၃ နည်းဥပဒေခွဲ(က)မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့်ကိစ္စမှတစ်ပါး အသက် ၆၀ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားတဲ့ အတွက် ဝန်ထမ်းတစ်ဦးဟာ အသက် ၆၀ နှစ်ပြည့်တဲ့အချိန်မှာ သက်ပြည့်ပင်စင်ခံစားရမှာဖြစ်ပါ တယ်။ ဝန်ထမ်းတစ်ဦးရဲ့ မွေးနေ့သက္ကရာဇ် အတည်ပြုရေးနှင့်စပ်လျဉ်းပြီးတော့လည်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ နည်းဥပဒေ ၂၇၈ နည်းဥပဒေခွဲ(က)မှာ ဝန်ထမ်းရဲ့ မွေးသက္ကရာဇ်ကို ဝန်ထမ်း မှတ်တမ်းစာအုပ်မှာ ရေးသွင်းရန် အထောက်အထားပြုရမယ့် အချက်သုံးချက်ကို ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ (က) မွေးစာရင်းလက်မှတ်၊ (ခ) ကျောင်းဝင်မှတ်ပုံတင်ထောက်ခံချက်၊ (ဂ) တက္ကသိုလ် ဝင်စာမေးပွဲအောင်လက်မှတ်တို့ဖြစ်ပါတယ်။ အငြိမ်းစားယူရမယ့်နေ့ရက်ထက်ကျော်လွန်၍ တာဝန် ထမ်းဆောင်ပြီးမှ သက်ပြည့်အငြိမ်းစားပေးရမယ့်ဝန်ထမ်းများဟာ အသက် ၆၀ နှစ်ထက်ကျော်လွန်ပြီး ဆောင်ရွက်ခဲ့တဲ့ကာလအတွက် ထုတ်ယူပြီးတဲ့ လစာစရိတ်ငွေတွေကို ပိုပေးမိသောငွေများအဖြစ် ပြန်လည်ပေးသွင်းရတဲ့အတွက် ထိခိုက်နစ်နာမှုမျိုးမပေါ်ပေါက်စေဖို့တွက် ဌာနအဖွဲ့အစည်းများ အနေနဲ့ ရှေ့လာမယ့်ပြက္ခဒိန်နှစ်အတွင်း သက်ပြည့်အငြိမ်းစားယူကြရမယ့် ဝန်ထမ်းများရဲ့စာရင်းကို

နှစ်စဉ်ရေးဆွဲပြုစုပြီးတော့မှ သက်ဆိုင်ရာဝန်ထမ်းများကို သက်ပြည့်အငြိမ်းစားယူရမယ့်နေ့မတိုင်ခင် အနည်းဆုံး ခြောက်လ ကြိုတင်အကြောင်းကြားနိုင်ရေး စီစဉ်ပြုလုပ်ထားဖို့ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနက ၂၅-၅-၁၉၈၂ ရက်စွဲပါစာအမှတ်၊ ဘ-၂၄/၇၆၈၂ နဲ့ ဝန်ကြီးဌာနများအားလုံးကို အကြောင်းကြားခဲ့ပါတယ်။

အထက်ဖော်ပြပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနဲ့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ညွှန်ကြားချက်တို့နှင့်အညီ ပညာရေးဝန်ကြီးဌာနက ပညာရေးဝန်ထမ်းများကို ၎င်းတို့ရဲ့ အမှုထမ်းစာအုပ်နဲ့ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တို့ကို တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ပြီးတော့ အချို့သောဝန်ထမ်းများဟာ နိုင်ငံတော်က တရားဝင်သတ်မှတ်ထားတဲ့ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမယ့်ရက်ထက်ကျော်လွန်ပြီး တရားမဝင် ဆက်လက်အမှုထမ်းဆောင်လိုတဲ့အတွက် တိုက်ဆိုင်စစ်ဆေးနိုင်မှုအားနည်းတဲ့ အောက်ခြေရုံးများရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီးတော့ မိမိတို့ရဲ့ အမှုထမ်းသက်စာအုပ်ပါ အချက်အလက်များကို တရားမဝင် မိမိကိုယ်တိုင် ပြင်ဆင်ပြီးတော့မှ ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကို တရားမဝင်ရယူခံစားခဲ့ခြင်း၊ ထိုကဲ့သို့ တရားမဝင်ဆက်လက်အမှုထမ်းခဲ့မှုကြောင့် အခြားဝန်ထမ်းများရဲ့ ရာထူးတိုးမြှင့်ခံစားခွင့်များ နစ်နာခဲ့မှုများရှိခဲ့ကြောင်းလည်း ပညာရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားထားပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၃ မှာ လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုစည်းကမ်းဆိုင်ရာ အောက်ပါပြစ်မှုတစ်ခုခုအတွက် ဝန်ထမ်းကို ဌာနဆိုင်ရာ အရေးယူအပြစ်ပေးနိုင်ကြောင်းလည်း ပြဋ္ဌာန်းထားပါတယ်။ ဒါကတော့ ပုဒ်မ ၁၆၃ ပုဒ်မခွဲ(က)မှာ ရာထူးခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနဲ့ ပြည်ပပညာသင်စေလွှတ်ခြင်းတို့အတွက် အရေးပါသော ကိုယ်ရေးအကြောင်းအရာ အချက်အလက်များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်း သို့မဟုတ် မရိုးသားမှုတစ်ခုခုပြုလုပ်ခြင်း၊ (ခ)မှာ တာဝန်ထမ်းဆောင်ရာမှာ ရိုးသားဖြောင့်မတ်မှုမရှိခြင်း၊ လိမ်လည်ခြင်း၊ လိမ်လည်ရန်အားထုတ်ခြင်း သို့မဟုတ် လိမ်လည်ရန် အားပေးကူညီခြင်းတို့ဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းများနှင့်စပ်လျဉ်းပြီးတော့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ နည်းဥပဒေ ၂၅၂ နည်းဥပဒေခွဲ (ဈ)မှာ အငြိမ်းစားယူပြီးနောက် ဥပဒေအရခံစားခွင့်ရှိတဲ့ ပင်စင်လစာထက် ပိုမိုထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရလို့ရှိရင် ပင်စင်စားကို ပြန်လည်ပေးသွင်းစေရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာဖော်ပြထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် မြို့သစ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးရဲ့ မွေးသက္ကရာဇ်အမှန်ဟာ ၂၄-၉-၁၉၅၃ ဖြစ်ပြီး ၎င်းမွေးသက္ကရာဇ်ကို ၂၄-၉-၁၉၅၆ လို့ပြင်ဆင်ထားတာကို စိစစ်တွေ့ရှိရတဲ့အတွက်

စိစစ်တွေ့ရှိချိန်မှစပြီး အငြိမ်းစားယူစေခဲ့ပြီး ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလရဲ့လစာငွေကို ပြန်လည်ပေးသွင်းစေခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားထားပါတယ်။ နိုင်ငံတော်က တရားဝင်သတ်မှတ်ထားတဲ့ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမယ့်ရက်ထက်ကျော်လွန်ပြီး တရားမဝင်ဆက်လက်အမှုထမ်းဆောင်လိုတဲ့အတွက် ကိုယ်ရေးအချက်အလက်တွေကို မရိုးသားသော နည်းဖြင့် ဆောင်ရွက်ခဲ့တဲ့ဝန်ထမ်းများကို ပိုမိုထုတ်ယူထားသော လစာများကို ပြန်လည်ပေးသွင်း စေခြင်းဟာ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေဖို့ တည်ဆဲဥပဒေ၊ နည်းဥပဒေနဲ့ ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဝန်ထမ်းများရဲ့မွေးသက္ကရာဇ်ကို ပြန်လည်စိစစ်ရာမှာ ပြင်ဆင်ထားခြင်းတွေ့ရှိရပါက စိစစ်တွေ့ရှိချိန်မှစပြီး အငြိမ်းစားယူစေခဲ့ပြီး ကျော်လွန်ထမ်းဆောင်ခဲ့သောကာလရဲ့ လစာငွေကို ပြန်လည်ပေးသွင်းစေခြင်းဟာ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်များပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အုတ်ဖိုမြို့နယ်တွင် သစ်ခွဲသားအရောင်းဆိုင်နှင့် နိုင်ငံပိုင် (သို့) ပုဂ္ဂလိကပိုင်သစ်ခွဲစက်များကို ဥပဒေနှင့် အညီ ခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အုတ်ဖိုမြို့နယ်မှာ သစ်ခွဲသား အရောင်းဆိုင်ဖွင့်လှစ်ရောင်းချပေးရန်နဲ့ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် သစ်ခွဲစက်များကို ဥပဒေနဲ့ အညီ တည်ဆောက်ခွင့်ပြုပေးနိုင်ရေးနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်မှာ လူဦးရေ ၁၂၆၆၅၉ ဦးရှိပြီး အိမ်ထောင်စု ၃၁၉၁၉ အိမ်ရှိပြီးတော့ အိမ်ခြေပေါင်း ၃၁၉၀၀ ဖြင့်အခြေပြုနေထိုင်လျက်မြို့နယ် ဖြစ်ပြီး ပဲခူးရိုးမကိုအခြေပြုကာ သစ်တောကြိုးဝိုင်းများလည်း များစွာတည်ရှိတဲ့ဒေသလည်း ဖြစ်ပါ

တယ်။ မြို့နယ်အတွင်းနေထိုင်လျက်ရှိကြတဲ့ အိမ်ထောင်စုများအနေဖြင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့်လည်းကောင်း၊ လူဦးရေတိုးပွားလာခြင်းများကြောင့်လည်းကောင်း၊ အိမ်ခြေများတိုးချဲ့ ဆောက်လုပ်လျက်ရှိရာမှာ နေအိမ်နဲ့ပရိဘောဂများပြုလုပ်မှုများအတွက် သစ်များလိုအပ်လျက်ရှိကြပါ တယ်။ လိုအပ်လျက်ရှိတဲ့သစ်များကို တရားမဝင်ခွဲစိတ်ရောင်းချသူများထံမှ ဥပဒေနဲ့မညီညွတ်တဲ့ ဝယ်ယူမှုများနဲ့ စိုးရိမ်ကြီးစွာဖြင့် ဝယ်ယူအသုံးပြုနေကြရပါတယ်။ အုတ်ဖိုမြို့နယ်မှာ ယခင်အစိုးရ လက်ထက်တစ်ခုဖြစ်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ မြန်မာ့သစ်လုပ်ငန်း Corporation မှ သစ်ဆိုင်များဖွင့်လှစ်ရောင်းချပေးခဲ့တဲ့အတွက် ပြည်သူများအနေဖြင့် အဆင်ပြေစွာဝယ်ယူ သုံးစွဲနိုင် ခဲ့ကြရပါတယ်။ ၎င်းသစ်ရောင်းဆိုင်များကို ၁၉၈၈ နောက်ပိုင်းမှာ ပိတ်သိမ်းခဲ့တဲ့အတွက် ပဲခူးရိုးမ အတွင်းမှ တရားမဝင်သစ်များကို ထုတ်ယူခြင်း၊ တရာမဝင်သစ်ခွဲစက်များ ခွဲစိတ်တည်ထောင်မှုများ ကြောင့် တာဝန်ရှိသူများမှလည်း ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေကြရပါတယ်။ ထိုကဲ့သို့ နေအိမ် ဟောင်း၊ အဆောက်အဦဟောင်းများကို ပြုပြင်လိုတဲ့သူများအိမ်ထောင်ပရိဘောဂများ ပစ္စည်းများကို ပြုလုပ်အသုံးပြုလိုတဲ့သူများအနေနဲ့ သစ်ခွဲသားများတရားဝင်ဝယ်ယူရရှိရေးအတွက် အခက်အခဲများ နဲ့ကြုံတွေ့နေကြရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသိရှိလိုတာ ကတော့ (၁) သက်ဆိုင်ရာဝန်ကြီးဌာနမှ သစ်ခွဲသားများ အရောင်းဆိုင်အား အုတ်ဖိုမြို့နယ်တွင် ဖွင့်လှစ် ရောင်းချခွင့်ပေးရန် အစီအစဉ်ရှိပါသလား။ ဖွင့်လှစ်ရန်ရှိပါက မည်သည့်အချိန်ကာလတွင် စတင် ရောင်းချပေးပါမည်နည်း။ (၂) နေအိမ်ဟောင်းများနဲ့ပတ်ဝန်းကျင်ရှိ အခြားသစ်များကို ခွဲစိတ်အသုံးပြု နိုင်မည့် နိုင်ငံပိုင်(သို့မဟုတ်)ပုဂ္ဂလိကပိုင်သစ်ခွဲစက်များကို ဥပဒေနဲ့အညီတည်ဆောက်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူများ၏ ကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသက်သက်ဇင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်မအနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်မကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး

ဒေါက်တာသက်သက်ဇင် ဖြစ်ပါတယ်ရှင်။ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ မေးခွန်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့မှစ၍ ပြည်ပသို့ သစ်လုံးလိုက်တင်ပို့ရောင်းချခြင်းကို ရပ်ဆိုင်းခဲ့ပြီး သစ်ထုတ်လုပ်မှုကိုလည်း ယခင်နှစ်များထက် ကျွန်း ၇၀ ရာခိုင်နှုန်း၊ သစ်မာ ၅၀ ရာခိုင်နှုန်း လျှော့ချထုတ်လုပ်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှု မူဝါဒအရ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ Small and Medium Enterprises များ ဖွံ့ဖြိုးရေး၊ ဈေးကွက်ရှိရာသို့ လွတ်လပ်မြန်ဆန်စွာ စီးဆင်းနိုင်ရေး အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်ခဲ့စိတ်၍ ထွက်ရှိခဲ့သား ရောင်းချခြင်းအစား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်လေလံ၊ ဈေးပြိုင်လေလံစနစ်ဖြင့် သစ်အလုံး လိုက်ပွင့်လင်းမြင်သာစွာဖြင့် လေလံတင်ရောင်းချပြီး ပုဂ္ဂလိကကဏ္ဍမှခွဲစိတ်၍ ဖြန့်ဖြူးလျက်ရှိပါ တယ်။ သို့ပါ၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် လုပ်ငန်းရှင်များမှ သစ်အလုံးလိုက်ဝယ်ယူပြီး ပြန်လည်ခွဲစိတ်၍ လွတ်လပ်စွာပြန်လည်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ထွက်ရှိမည့် ကျွန်းသစ်လုံး ၆၀၀၀၀ တန်နှင့် သစ်မာသစ်လုံး ၆၇၀၀၀၀ တန်ခန့်အား လစဉ်အိတ်ဖွင့် လေလံ/ဈေးပြိုင်လေလံစနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ပွင့်လင်းမြင်သာစွာ ရောင်းချပေးလျက် ရှိရာ ကျွန်းသစ်လုံး ၂၃၇၉၀ တန်၊ သစ်မာသစ်လုံး ၁၄၃၄၆၇ တန်၊ ကျွန်းခွဲသား ၅၁၇၄ တန်၊ သစ်မာခွဲ သား ၃၅၉၃၅ တန် ရောင်းချခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံပိုင်သစ်စက် ၅၈ စက်ရှိတဲ့အနက် ၅၁ စက်အား ရပ်နားပြီး နိုင်ငံတော်ရဲ့ သစ်ခွဲသားလိုအပ်ချက်များအတွက် သစ်စက် ခုနစ် စက်ဖြင့်သာ လုပ်ငန်း လည်ပတ်ဆောင်ရွက်ပြီး မြန်မာ့သစ်လုပ်ငန်းပိုင်ပြည်သူဖြန့်သစ်ဆိုင်များမှ သစ်ခွဲသားရောင်းချပေး ခြင်းကို ရပ်နားထားခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာ့သစ်လုပ်ငန်းမှ တရားဝင်ဝယ်ယူရရှိထားသောသစ်လုံးများ အားအသုံးပြုပြီး ပုဂ္ဂလိကသစ်စက်များ လုပ်ကိုင်လိုပါက သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက် ထားနိုင်ပြီး ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၀ ပါပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ခွင့်ပြု လျက်ရှိပါတယ်။

**မှူးကြမ်း**

ပုဂ္ဂလိကသစ်စက်များ တည်ထောင်ခွင့်ပြုရာတွင် သစ်စက်အမျိုးအစား၊ လွှဝိုင်းအရွယ်အစားနှင့် အရေအတွက်၊ စက်အင်အား၊ တည်ဆောက်လိုတဲ့အကြောင်းအရာ၊ မြေပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့်ဆက်စပ်ဌာနများမှ ထောက်ခံချက်၊ တရားဝင်သစ်ကုန်ကြမ်း စုဆောင်းထားရှိမှု၊ တည်ဆောက်မယ့်ဧရိယာသည် တရားမဝင်သစ် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိစတဲ့ လိုအပ်ချက်များအပေါ်မှာ သတ်မှတ်ပြီးတော့လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ စိစစ်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအကြောင်းတရားများအရ အုတ်ဖိုမြို့နယ် သစ်ခွဲသားအရောင်းဆိုင်ဖွင့်လှစ်ရောင်းချရန်နှင့် နိုင်ငံပိုင်သစ်စက်ထပ်မံ တည်ဆောက်ရန် အစီအစဉ်မရှိပါကြောင်းနှင့် ပုဂ္ဂလိကပိုင်သစ်ခွဲစက် တည်ထောင်ရန် တင်ပြလျှောက်ထားလာပါက အထက်ပါလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းရှင်များမှလည်း ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**စက်ရုံများမှထွက်ရှိသော ရေဆိုးများအား အတ္တရံမြစ်အတွင်းသို့ စွန့်ထုတ်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အား ထိခိုက်မှု ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်သူအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမှ မော်လမြိုင်မြို့ အတ္တရံမြစ်ရေနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မော်လမြိုင်မြို့စက်မှုဇုန်တွင် ခနောက်စိမ်းသန့်စင်စက်ရုံအပါအဝင် အကြီးစား၊ အလတ်စားစက်ရုံပေါင်း ၁၅၀ ကျော်ပါရှိသည်ဟု သိရပါတယ်။ ထိုစက်မှုဇုန်မှထုတ်ပစ်လိုက်သောရေဆိုးများကို အထ္ထရံမြစ်ထဲသို့ စွန့်ပစ်သည်ဟုလည်း သိရပါတယ်။ ထို့အတူပဲ မော်လမြိုင်မြို့ ရေပေးဝေရေး အထ္ထရံ(၁) စခန်းမှ ရပ်ကွက် လေး ခု ၊ အိမ်ခြေ ၆၀၅၂ အိမ်၊ လူဦးရေ ၃၄၀၈၁နှင့် အတ္တရံ(၂) ရေပေးဝေစခန်းမှ ရပ်ကွက် ကိုး ခု၊ အိမ်ခြေ ၁၁၀၄၁ အိမ်၊ လူဦးရေ ၆၇၇၆၁ ဦးကို ရေပေးဝေလျက်ရှိသည်ဟု သိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၁၄-၁-၂၀၁၅ ရက်နေ့က မွန်ပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီး

ဦးဝင်းမော်ဦးမှ မော်လမြိုင်မြို့ ရေပေးဝေရေးစီမံကိန်းကို ထိခိုက်နိုင်သဖြင့် ကောင်းကင်ကြယ် ခြောက်ပွင့် ခနောက်စိမ်းစက်ရုံနှင့် မြန်မာ့ဆန်းစုံခနောက်စိမ်းစက်ရုံများကို ပိတ်ပြစ်ခဲ့ကြောင်းကြေညာခဲ့ပါတယ်။ သို့သော်လည်း စက်မှုဇုန်ရှိသော အခြားသောစက်ရုံများမှ ရေဆိုးများကို အတ္ထရံမြစ်ထဲသို့ ဆက်လက်စွန့်ပစ်နေသည်ကိုလည်း သိရပါတယ်။ အတ္တရံမြစ်ရေကိုပင် မော်လမြိုင်မြို့ရပ်ကွက်ပေါင်း ၁၃ ခုနှင့် လူဦးရေ တစ်သိန်းကျော်က သုံးစွဲနေရသည့်အတွက်ကြောင့် မည်သို့ဆောင်ရွက်ထားသည် ကိုလည်း မြို့သူမြို့သားများကသိလို၍ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ မော်လမြိုင်မြို့နယ် စက်မှုဇုန်ရှိ စက်ရုံများမှ ထွက်ရှိသောရေဆိုးများအား အတ္တရံမြစ်အတွင်းသို့ စွန့်ထုတ်နေမှုနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်တို့အား ထိခိုက်မှုရှိ/မရှိသလို၍ ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသက်သက်ဇင်(ဒုတိယဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်မအနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဒေါက်တာသက်သက်ဇင်မှပဲ ဖြေကြားသွားမှာဖြစ်ပါတယ်။ မော်လမြိုင်စက်မှုဇုန်တွင် စက်ရုံပေါင်း ၁၅၇ ရုံရှိသည့်အနက် လက်ရှိတွင် ၁၁၇ ရုံသာ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ရေအသုံးပြုလည်ပတ်သော စက်ရုံများအနေဖြင့် ရေခဲစက်ရုံ သုံး ရုံ၊ ရော်ဘာကြိတ်စက်ရုံ နှစ် ရုံ၊ ခနောက်စိမ်းသတ္တုရိုင်း ကြိတ်ခွဲစက်ရုံ တစ် ရုံနဲ့ Recycle စက္ကူစက်ရုံ သုံး ရုံ၊ စုစုပေါင်း ကိုး ရုံ ရှိပါတယ်။ အဆိုပါ စက်ရုံအများစုမှာ ထုတ်လုပ်မှုနည်းစဉ်အရ ထွက်ရှိလာသည့် ရေများကို လုပ်ငန်းစဉ်တွင်အဆင့်ဆင့် ပြန်လည်အသုံးပြုပြီး ဆေးကြော/ပိုလျှံရေအနည်းငယ်ကိုသာ ပြင်ပသို့စွန့်ပစ်ကြောင်း၊ ရေပမာဏပိုမိုအသုံးပြုရသည့် ရော်ဘာကြိတ်စက်ရုံ နှစ် ရုံအနေဖြင့် စွန့်ပစ်ရေများအား ရေကန်အဆင့်ဆင့်ဖြင့်ဖြတ်သန်းစေကာ Treatment ပြုလုပ်ပြီး ပိုက်များဖြင့် သတ်မှတ်သော မြောင်းအတွင်းသို့ စွန့်ထုတ်လျက်ရှိကြောင်း၊ အဆိုပါ ရေများသည် စက်မှုဇုန်ဧရိယာ အပြင်ဘက်ရှိ လယ်မြေများအနီး မြေနိမ့်ပိုင်းသို့ ရောက်ရှိကြောင်းနှင့် အတ္ထရံမြစ်အတွင်းသို့ တိုက်ရိုက် စွန့်ပစ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ မော်လမြိုင်စက်မှုဇုန်နှင့် အတ္ထရံမြစ်သည် ပေ ၁၈၀၀

ခန့်ကွာဝေးပြီး လယ်မြေများကြားခံလျက်ရှိကြောင်းနှင့် အဆိုပါ လယ်မြေများတွင် စပါးစိုက်ပျိုးမှုများ ဖြစ်ထွန်းအောင်မြင်နေကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ လက်ရှိအခြေအနေတွင် စက်မှုဇုန်မှ စွန့်ပစ်ရေများကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသည့် ထိခိုက်မှုမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ မော်လမြိုင်စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများမှာ အသေးစား၊ အလတ်စားလုပ်ငန်းများသာဖြစ်ပြီး စက်မှုဇုန်အတွင်းရှိ လက်ရှိလုပ်ငန်းများမှ ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ထပ်မံ၍စက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် လုပ်ငန်းများရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိစစ်ဆောင်ရွက်မှုပြုလုပ်ပြီး ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ်လိုက်၍ Environment Impact Assessment (EIA), Social Impact Assessment(SIA) များ ဆန်းစစ်ဆောင်ရွက်စေခြင်း၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် တားဆီးလျှော့ချနိုင်မည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု Environmental Management Plan အစီအစဉ်များရေးဆွဲဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)။** ။ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ခုနတုန်းကတင်ပြတဲ့အထဲမှာ စက်ရုံကနေထုတ်ပြစ်လိုက်တဲ့ရေတွေကို အတ္တရံမြစ်ထဲကို စွန့်ပစ်တဲ့နေရာမှာ Water Treatment လုပ်ပြီးတော့ စွန့်ပစ်တယ်လို့ သိရပါတယ်။ ကျွန်မ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးကို ကျွန်မတစ်ခါတင်ပြခဲ့ဖူးတာရှိပါတယ်။ သောက်ရေတွေ၊ ရေတွေနောက်ကျိနေတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ စည်ပင်သာယာရေးကနေ ဆောင်ရွက်ပေးပါလို့ ပြောတဲ့အခါမှာ စည်ပင်သာယာရေးကနေပြီးတော့ ကျွန်မကို ပြန်ကြားတဲ့ စာတစ်စောင် ရှိပါတယ်။ အဲ့ဒါ ရေကန်တွေဟာ အနည်ထိုင်ပြီး ရေစစ်ကန်မှတစ်ဆင့် ပေးဝေခြင်းဖြစ်သော်လည်း မိုးတွင်းကာလမှာ ရေအနည်းငယ်နောက်ကျိမှုရှိပါတယ်။ Water Treatment Plant တည်ထောင်ရာမှာလည်း ကုန်ကျစရိတ်များတဲ့အတွက်ကြောင့် မော်လမြိုင်မြို့ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်အခက်အခဲရှိပါတယ်လို့လည်း တင်ပြခဲ့တာ ရှိပါတယ်။ ဒါကြောင့်မို့လို့ လူထုတွေကနေပြီးတော့ ဒီရေဖြန့်ဝေတဲ့စနစ်မှာ အနည်တွေရှိတယ်။ ဒီရေကိုသုံးတဲ့အခါကျလို့ရှိရင် ယားနာတွေဖြစ်တယ်ဆိုပြီးတော့ တင်ပြတဲ့အတွက်ကြောင့် ဒီ Water Treatment ကိုလုပ်တဲ့အခါမှာ

မည်သည့်ပုံစံနဲ့လုပ်တယ်။ ဘယ်နိုင်ငံနဲ့ ဘယ်ကို WHO ကနေ စမ်းသပ်ထားတဲ့စံနှုန်းနဲ့လည်း လုပ်ပါသလား။ ဒါမှမဟုတ် မည်သည့်စံနှုန်းနဲ့လုပ်ပါတယ်ဆိုတာကို သိရှိလိုပါ၍ မေးမြန်းခြင်းဖြစ်ပါတယ်။

**ဒေါက်တာသက်သက်ဇင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ ကျွန်မတို့ WHO ကချထားတဲ့ Programmed အရ ကျွန်မတို့ Treatment Plant တွေကို လုပ်ဆောင်နေပါတယ်ရှင့်။

**မြောင်မြို့နယ် အားကစားရုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေလုံးငွေရင်းခွင့်ပြုငွေနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအုန်းငွေ၊ မြောင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အားကစားဝန်ကြီးဌာနနဲ့ပတ်သက်ပြီး ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်သန်း ၁၀၀(သိန်း ၁၀၀၀)အပေါ်မှာ တင်ဒါဆွဲလာတဲ့ကုမ္ပဏီက တည်ဆောက်နေတဲ့လုပ်ငန်းနှင့်ပတ်သက်ပြီး ခွင့်ပြုထားတဲ့ငွေနဲ့ ကိုက်ညီတဲ့လုပ်ငန်းများကို မြို့နယ်က လုပ်ငန်းလေးခုတင်ပြီး ကုမ္ပဏီကမလုပ်နိုင်ရင် ကျွန်တော်တို့ မြို့နယ်ကော်မတီဖွဲ့ပြီးတော့ ဆောင်ရွက်ပါ့မယ်ဆိုပြီးတော့ ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ပါတယ်။ တင်ပြတဲ့အခါ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဆောင်ရွက်ပါဆိုပြီး ပြန်လာတဲ့အတွက် ကျွန်တော်တို့လည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကျွန်တော်တို့မြို့နယ်ကော်မတီနဲ့ ဆောင်ရွက်လိုပါတယ်လို့ တင်ပြခဲ့ပါတယ်။ တင်ပြတဲ့အခါမှာကျတော့ ကုမ္ပဏီဖွဲ့မှ လုပ်ငန်းအဆင်ပြေမယ်ဆိုတော့ ကျွန်တော်တို့ မြို့ကော်မတီထဲက ဝန်ထမ်းမဟုတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ မြောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (MRDC) ဆိုပြီးဖွဲ့ပြီး ဒီလုပ်ငန်းကိုဆောင်ရွက်လိုပါကြောင်း တိုင်းဒေသကြီးကိုတင်ပြခဲ့ပါတယ်။ ဒါပေမယ့် တင်ဒါခေါ်လိုက်တာလည်းမသိ။ ကုမ္ပဏီတစ်ခုက အောင်အောင်နဂါးကုမ္ပဏီဆိုပြီးတော့လာပြီး ကျွန်တော်တို့ဆီကို အားကစားကွင်းဆောက်ရွက်မယ်ဆိုပြီးရောက်လာပါတယ်။ ရောက်လာတဲ့အခါကျတော့ ကဲသူတို့လည်းဆောင်ရွက်နိုင်လို့ ဆွဲလာတာပဲဆိုပြီး ကျွန်တော်တို့လိုက်လံပြီး ကွင်းကိုပြသ၊ လုပ်မယ့်လုပ်ငန်းတွေ စစ်ဆေးတဲ့အခါကျတော့ ကျွန်တော်တို့တင်ထားတဲ့ လုပ်ငန်းလေးမျိုးထဲက နှစ်မျိုးပါမလာတာ တွေ့ပါတယ်။ အဲ့ဒါတွေကတော့

ဒီအားကစားကွင်းဂိတ်တံခါးတို့၊ နောက်တစ်ခါ အားကစားလက်မှတ်ရုံတို့ ပါမလာဘူး။ နောက်တစ်ခါ ကျွန်တော်တို့တင်ထားတဲ့ လုပ်ငန်းတန်ကြေးထဲမှာ Score Board နဲ့ပတ်သက်ပြီး ကျွန်တော်တို့ဒီက ခုနှစ်သိန်းတန် လုပ်ပါ့မယ်လို့တင်ပါတယ်။ ခွင့်ပြုထားတာက နှစ်သိန်းတန်နဲ့ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဘယ်လောက်ဆွဲရလဲလို့မေးတဲ့အခါကျတော့ သိန်း ၈၀၀ ကျော်၊ ၈၈၀ လောက်ဆွဲရတယ်လို့ ပြောပါတယ်။ ဒါကို ကျွန်တော်တို့ တင်ပြလိုတာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားတဲ့ တန်ကြေးထက်၊ သတ်မှတ်ထားတဲ့လုပ်ငန်းများထက်လျော့ပြီး တင်ဒါပစ်တာကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ပါပါသလား။ ဒါမှမဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က သိရှိပါသလား။ ဤတင်ဒါပြောင်းလဲပြီးတော့ လုပ်ငန်းတွေလျှော့ပြီး တင်ဒါပစ်ရခြင်းဟာ ဘယ်လိုအခက်အခဲကြောင့်ဖြစ်ပါသလဲ။ နောက် တင်ဒါဆွဲသွားတော့လည်း သတ်မှတ်တဲ့ငွေပမာဏထက်လျော့နေတဲ့အတွက် ကျန်ရှိနေတဲ့လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အားကစားကွင်း Score Boardနှင့် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခုအတွက် ငွေကျပ်သန်း ၁၀၀ ခွင့်ပြုခဲ့ပါတယ်။ ဒီငွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျွန်တော်တို့ ၂၀၁၄ ခုနှစ် ဇွန်လမှာပဲ ကျွန်တော်တို့ လွှဲပြောင်းပြီးတော့ ပေးအပ်ခဲ့ပါတယ်။ မြောင်မြို့နယ် အားကစားကွင်းတည်ဆောက်ရေးကော်မတီကို မြောင်မြို့နယ်အနေ

နဲ့ဖွဲ့စည်းပြီးတော့ အားကစားကွင်းရဲ့ ကျွန်တော်တို့ ငွေကျပ် သန်း ၁၀၀ နဲ့ခွင့်ပြုတဲ့ Score Board နှင့် ပွဲကြည့်စင်လုပ်ငန်းနှစ်ခုအပြင် အုတ်တံတိုင်း ၂၀၇၀ ပေ ကာရံခြင်း၊ ဂိတ်တံခါးနှင့်လက်မှတ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကိုပါ ထပ်တိုးဆောင်ရွက်ပြီးတော့ ရန်ပုံငွေများကိုလည်း လွှဲပြောင်း သုံးစွဲခွင့်ပြုပါရန် ၂၀၁၄ ခုနှစ် ဇွန်လကနေပြီးတော့ တင်ပြလာပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ မြောင် မြို့နယ်အားကစားကွင်းတည်ဆောက်ရေးကော်မတီရဲ့တင်ပြချက်မှာ ကုန်ကျငွေစုစုပေါင်းဟာ ၁၀၃.၁ သန်းဖြစ်နေပါတယ်။ အဲ့ဒီတော့ ဒီဟာ ကျွန်တော်တို့မူလခွင့်ပြုငွေ သန်း ၁၀၀ ထက်ပိုနေတဲ့အတွက် ကြောင့်မို့လို့ လုပ်ငန်းကို လျှော့ပြီးတော့တင်ပြပါဆိုပြီးတော့ ကျွန်တော်တို့ မြောင်မြို့နယ် အားကစား ကွင်းတည်ဆောက်ရေးကော်မတီကို အကြောင်းကြားခဲ့ပါတယ်။

ဒီအခါမှာ မြောင်မြို့နယ်အားကစားကွင်းတည်ဆောက်ရေးကော်မတီကနေ ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ ပွဲကြည့်စင်နှင့် Score Board နှစ်ခုပဲလုပ်ပါမယ်။ ဒီလုပ်ငန်းနှစ်ခုအတွက် ကျပ်သန်း ၁၀၀.၅၄၃ နဲ့ဆောင်ရွက်ပါမယ်ဆိုပြီးတော့ ပြန်လည်တင်ပြခဲ့ပါတယ်။ တစ်ပြိုက်နက်တည်းမှာပဲ မြောင် မြို့နယ်အားကစားကွင်းတည်ဆောက်ရေးကော်မတီကနေပြီးတော့ မြန်မာ့အလင်းသတင်းစာမှာ တင်ဒါ ခေါ်ယူခဲ့ပါတယ်။ အဲ့ဒီလို တင်ဒါအပြိုင်ခေါ်ယူခဲ့တဲ့အခါမှာတော့ အောင်အောင်နဂါးကုမ္ပဏီက ငွေ ကျပ်သန်း ၈၉.၈၃ သန်းနဲ့တင်ဒါအောင်မြင်တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် နေ့ကစပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ မြောင်မြို့နယ် အားကစား ရုံနဲ့ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက်ကို ဒီငွေလုံးငွေရင်းခွင့်ပြုငွေ သန်း ၁၀၀ နဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ ဒီဟာကတော့ မူလခွင့်ပြုငွေသန်း ၁၀၀ ထက် ပိုနေတဲ့ အတွက်ကြောင့်မို့လို့ လုပ်ငန်းလျှော့ပြီးတော့ တင်ဒါခေါ်ယူဖို့ ကျွန်တော်တို့က မှာကြားခဲ့ပါတယ်။ တင်ဒါခေါ်ယူရာမှာလည်း အောင်အောင်နဂါးကုမ္ပဏီက ၈၉.၈၃ သန်းနဲ့ တင်ဒါအောင်မြင်တဲ့အတွက် ကြောင့်မို့လို့ ပိုငွေ ၁၀.၇၁၃ သန်း ပိုမိုခဲ့ပါတယ်။ အဲ့ဒီပိုငွေကို မြောင်အားကစားကွင်းပြုပြင်ရေး လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ မူလတင်ပြခဲ့သော ဂိတ်တံခါးနှင့် လက်မှတ်ရုံပြုလုပ်ခြင်း၊ လျှပ်စစ်မီးသွယ် တန်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်ကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ယောကျာ်းတို့ရဲ့ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီး ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်းတဲ့ အခွင့်အရေးများကို မျှတစွာခံစားရရှိနိုင်စေရန်နှင့် ထိရောက်တဲ့ ကာကွယ်မှုပေးနိုင်ရန် ရည်ရွယ်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြုစုရေးဆွဲခဲ့ပါတယ်။ ဒီဥပဒေကြမ်းဟာလည်း ၁၉၅၄ ခုနှစ်၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအပေါ်မှာ မှီငြမ်းပြုပြီးတော့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီလိုရေးဆွဲတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ လူ့အခွင့်အရေးများနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း ရေးဆွဲခြင်းဖြစ်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲထားတဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က စဉ်းစားဆင်ခြင်နိုင်ရန်အတွက် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့

လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ကြတဲ့ လင်နှင့်မယားတို့အား တစ်ဦးအပေါ်မှာတစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့တဲ့အိမ်ထောင်ကို တည်ဆောက်နိုင်စေရန်လည်းကောင်း၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ မယားပြိုင်အဖြစ်မှ ရောက်ရှိခြင်းမှ ကာကွယ်ရန်နှင့် အမျိုးသားများက မယားအများအပြားယူခြင်းကြောင့် ဖြစ်ပွားနိုင်တဲ့ အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်ရည်ရွယ်ပြီးတော့ကား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြုစုရေးဆွဲခဲ့ပါတယ်။ ဒီဥပဒေဟာဆိုရင် စင်ကာပူနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ Women's Charter ဆိုတဲ့ဥပဒေကို မှီငြမ်းပြုပြီးတော့ ရေးဆွဲခြင်း ဖြစ်ပါတယ်။ ဒီဥပဒေဟာလည်း အပြည်ပြည်ဆိုင်ရာစံနှုန်းများနဲ့ ကိုက်ညီမှုရှိအောင် စဉ်းစားဆင်ခြင်ပြီးမှ ရေးဆွဲထားတဲ့ဥပဒေဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းတဲ့ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံစဉ်းစားပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်းနဲ့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## မူကြမ်း

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]